# မိုးဆက်ငါးထက်

## တယ်လီဖုန်း



# နိဒါန်း

အဝေး မှာ မှုန်မှိုင်းမှိုင်း ကောင်းကင်ကို မြင်နေရသည်။ ရှမ်းရိုးမပြာပြာပေါ် ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးက သင်းပျံ့သန့်ရှင်းလှ၏။ ငှက်တစ်အုပ်က ကောင်းကင် အညိုရောင် အောက်မှ လွတ်လပ်စွာ ပျံသန်းလာကြသည်။ ဖြိုးဝင်းထွန်းသည် ကားကို ရုတ်တရက် ရပ်လိုက်ကာ ထိုရှုခင်းကို လှမ်းငေး၏။

"လှလိုက်တာကွာ"

တစ်ယောက်တည်း ရေရွတ်သလိုလိုရှိသည်။ သို့သော်တစ်ယောက်ယောက်ကို လှမ်းကြည့် ပြောလိုက်သလိုလည်း ရှိ၏။ ကားထဲမှာ သူတစ်ယောက်တည်းမဟုတ်။ နောက်တစ်ယောက်က ပါသေးတာကိုး။

သူ့နာမည်က မိုးယံဇော်။

သူတို့နှစ်ယောက်လုံး အချစ်ဆုံး သူငယ်ချင်းတွေ။

ဖြိုးဝင်းထွန်း စကားကြောင့် မိုးယံကပါ ရှုခင်းကို လှမ်းကြည့်၏။

"မင်းပြောတာ မှန်တယ် တော်တော်လှတာပဲ"

ဖြိုးဝင်းထွန်းက ကားပေါ်မှဆင်းကာ နောက်ခန်းတံခါးကို ဖွင့်လိုက်သည်။ ထို့နောက် ကင်မရာ အိတ်ကို ထုတ်လိုက်ကာ မှန်ဘီလူးကို သေချာစွာ တပ်ဆင်သည်။ ပြီးတော့ မြင်ကွင်းကို သေသေ

ချာချာ လေ့လာသည်။ လိုက်တင်အပေးအယူကို စဉ်းစားသည်။

(Pro)ကင်မရာသမားတစ်ယောက်အနေနှင့်တော့ သိသင့်သိထိုက်တာလေးတွေ သိထားသည်။

ဘယ်ပုံကို ဘယ်ထောင့်က ဘယ်လိုက်တင် အခြေအနေမှာ ရိုက်ရင် ဘယ်လိုပုံမျိုးထွက်လာနိုင်သည်ဆိုတာလောက်တော့ သူသိသည်။ အခုလည်း ထိုအခြင်းအရာတွေအားလုံး လေ့လာပြီးတော့ ကင်မရာချိန်ပေါက်ကို မျက်လုံးပေါ်တင်လိုက်ချိန်တွင် ....

"ဟေ့ကောင် .... ကိုဖြိုး ခဏနေဦး၊ ဟိုးမှာတွေ့လား။ ကောင်လေးတစ်ယောက် ကျွဲစီးလာတာ... အဲဒါလေးပါ ပါအောင် ခဏစောင့်လိုက်ပါလား"

ဖြိုးဝင်းထွန်းက ကင်မရာကို ပြန်ချကာ မိုးယံပြတဲ့နေရာကို လှမ်းကြည့်သည်။

မှန်သည်။ ကောင်လေးတစ်ယောက် ကျွဲစီးလာသည်။ လက်ထဲမှာ ပလွေလေးတစ်လက်တောင် ပါလိုက်သေးသည်။ ခါးကြားမှာ လေးခွတစ်လက်ထိုးကာ ထား၏။

ဖြိုးဝင်းထွန်းသဘောကျစွာ ပြုံးလိုက်မိ၏။ ပြီးတော့ မိုးယံပခုံးကို လှမ်းရိုက်ကာ ...

"ငါ့တပည့်တွေထဲမှာ မင်းအတော်ဆုံးပဲ.."

"သေချင်းဆိုး"

ဖြိုးဝင်းထွန်းက ပြုံးရင်းကျွဲစီးလာသော ကောင်လေးကို သူလိုချင်တဲ့ မြင်ကွင်းထဲရောက်အောင် စောင့်သည်။

ခဏကြာတော့ လိုချင်တဲ့ အနေအထား ရောက်လာ၏။

ကင်မရာကို သေချာစွာ ချိန်သည်။ ကျေနပ်လောက်တဲ့ အနေအထားရောက်တော့ ကင်မရာ ခလုတ်ကို ညင်သာစွာ နှိပ်လိုက်ပါတော့သည်။

“ချပ်”

“ချပ်”

“ချပ်”

“ချပ်”

ပတ်ဝန်းကျင်တစ်ခုလုံး လေတိုးသံမှအပ အရာအားလုံး ငြိမ်သက်လျက်ရှိ၏။ ကင်မရာသံ တချပ်ချပ်အောက်တွင် ပုံပေါင်းများစွာသည် ကင်မရာထဲသို့ ရောက်ကာသွားသည်။

ရန်ကုန် - မန္တလေး ဟိုက်ဝေးလမ်းမကြီး၊ ပြီးတော့ ပါဂျဲရိုး အမျိုးအစား ကားတစ်စီး၊ ကောင်လေးနှစ်ယောက်၊ ကင်မရာတစ်လုံး။

ပြီးတော့ ....

သူတို့ မသိနိုင်တဲ့ အနာဂတ်တစ်ခု .....။

*

အခန်း (၁)

**အရာရာကိုသာ ကြိုသိနိုင်မယ်ဆိုရင်**

**လူတိုင်း ကြိုတင်ပြင်ဆင်မှုတွေ ရကြမှာပါ။**

**ဒါပေမဲ့ လောကကြီးက အရာရာကို**

**ကြိုသိခွင့်ပေးမထားပါဘူး။**

**ဒါကြောင့် ........**

**သူတို့ နှစ်ယောက်ဟာလည်း ..................**

Hello ...... ရေ !

ခါးကြားမှ ဟမ်းဖုန်း၏ တုန်ခါမှုကြောင့် ကိုဖြိုး ကားကို အရှိန်နည်းနည်း လျှော့လိုက်သည်။

"တယ်လီဖုန်း မိသွားပြီကွ။ ကျောက်ဆည်နား နီးနေပြီ"

ပြောရင်းနှင့် ဖုန်းကို လှမ်းကိုင်လိုက်၏။

“……”

ဟိုဘက်က ရုတ်တရက် တုံ့ပြန်သံ မကြားရ။ ကိုဖြိုး နောက်တစ်ခါက် ထပ်ပြောသည်။

“ဟယ်လို”

ပထမလိုပဲ ငြိမ်သက်နေဆဲ …

ကိုဖြိုး မျက်မှောင်ကြုတ်ရင်း တယ်လီဖုန်းပေါ်မှ နံပါတ်ကို ကြည့်လိုက်သည်။

နံပါတ်က အစိမ်း။ သူမသိ။ ကြည့်ပြီးတော့ တယ်လီဖုန်းကို နားမှာ ပြန်ကပ်လိုက်သည်။ ဟိုဘက်က ဖုန်းကျသွားပြီ။

“ဘယ်က ဖုန်းလဲ”

“မသိပါဘူးကွာ။ လိုင်း သိပ်မမိလို့ ထင်တယ်… ဘာမှ မကြားရဘူး”

မိုးယံ ဘာမှ ဆက်မမေးတော့ဘဲ ကားထဲမှာ ဖွင့်ထားတဲ့ ကက်ဆက်ကို နည်းနည်း ထပ်ကျယ်လိုက်၏။ ဖွင့်ထားတဲ့ သီချင်းက ဇော်ဝင်းထွဋ်ရဲ့ “မျှော်လင့်ခြင်းကမ်းခြေ”….။

သီချင်းမှာ နှစ်ယောက်လုံး စီးမျောနေစဉ် ကိုဖြိုးဖုန်းက နောက်တစ်ခါက် ထပ်လာပြန်သည်။ နံပါတ်ကို ကြည့်လိုက်တော့ ခုန သူ့ဆီဆက်ထားတဲ့ နံပါတ်။

“ဟယ်လို”

ဟိုဘက်က တုံ့ပြန်သံ မကြားရ၊ ကိုဖြိုး နည်းနည်းတော့ စိတ်တိုသွားသည်။

“ဒီမှာ … စကားမပြောတတ်ဘူးလား”

ဟိုဘက်က ရယ်သံလိုလို သဲ့သဲ့ ကြားရသည်။ တော်တော်ကြာတော့မှ ...

"ဟယ်လို.... ရေ"

နူးညံ့ချိုသာသော အသံလေးတစ်ခု။ သဲကန္တာရမှာ ရေငတ်နေတုန်း အိုအေစစ်ထဲ ဒိုင်ဗင် ထိုးကျသွားသလို တစ်ဖက်သားကို ခံစားသွားစေတဲ့ အသံလေး။

ကိုဖြိုး အံ့သြသွားသည်။ ပြီးတော့ ခုန မာမာတင်းတင်း ပြောလိုက်တဲ့စကားကြောင့် ဘာကြောင့်မှန်းမသိ အားနာသွားမိ၏။

ကောင်မလေးက နောက်တစ်ခေါက် ထပ်ပြောသည်။

"ဟယ်လို .... ရေ"

"ဗျာ"

"မဗျာနဲ့လေ ... ခုန ဘာလို့ အော်ရတာလဲ"

"မအော် .... မအော်ပါဘူး"

"အော်ပါတယ် ... စကားမပြောတတ်ဘူးလား၊ ဘာလားနဲ့ ပြောတာလေ၊ အဲဒါ အော်တာပေါ့"

ကိုဖြိုး ပြုံးလိုက်သည်။

"အခု ပြောနေတာ ဘယ်သူလဲ ဟင်"

ကောင်မလေးက ခဏတော့ ငြိမ်သွား၏။ ပြီးမှ ..

"တစ်ယောက်ယောက်ပေါ့"

ကိုဖြိုး တစ်ချက် ရယ်လိုက်သည်။

"မနောက်ပါနဲ့ ... ပြောပါ ... ဘယ်သူလဲ"

ကောင်မလေးက ဖုန်းထဲမှ တစ်ချက်ရယ်ပြပြီး ...

"ပြောတော့ရော သိမှာလား"

"ပြောကြည့်ပေါ့"

ကိုဖြိုးနဲ့ ကောင်မလေး အပြန်အလှန် ပြောနေတာကို မိုးယံက လှည့်ကြည့်ပြီး လေသံလေး နှင့် .....

"ဘယ်သူလဲ"

ကိုဖြိုးက အသာနေဆိုတဲ့ ပုံစံ လုပ်ပြကာ ဖုန်းကို အာရုံပြန်စိုက်သွားသည်။ မိုးယံ ခေါင်းကို ကုပ်ကာ ပြန်လှည့်သွား၏။

"ဘယ်သူလဲလို့ မေးနေတယ်လေ၊ ပြော ...."

"ပြောဘူး"

"ဟာ ... ဘယ်လိုလေးလဲဟ"

"ဒီလိုပဲပေါ့ဗျ"

ကိုဖြိုး ကောင်မလေးနဲ့ စကားပြောရတာကို ပျော်လာသည်။ ဘယ်သူမှန်း မသိတဲ့ ကောင်မလေး။ ပြီးတော့ အသံလေးက ချစ်စရာလေး၊ မိုးယံက ကိုဖြိုးကို ကြည့်ကာ စုတ်တစ်ချက် သပ်လိုက်ပြီး ...

"ကားလည်း ကြည့်မောင်းဦး၊ သေနေဦးမယ်"

ကိုဖြိုး မိုးယံစကားကို အဖက်တောင်မလုပ်တော့။

"ဟိတ် ... မေးနေတယ်လေ။ ဘယ်သူလဲလို့၊ ပြီးတော့

ဘာရည်ရွယ်ချက်လဲ”

ကောင်မလေးက တခစ်ခစ် ရယ်ပြကာ ...

“ဘယ်သူလဲဆိုတော့ ကောင်မလေးတစ်ယောက်၊ ရည်ရွယ်ချက်က ခင်ချင်လို့”

“အလို”

“အလို မလုပ်နဲ့ ... ဟယ်လိုလုပ်”

“ဘာလို့ လုပ်ရမှာလဲ”

“ခစ် .... ခစ် .... ခစ် ... ခစ် .....”

ကိုဖြိုး ခေါင်းကို ကုပ်သည်။ ရုပ်ရှင်မင်းသားလည်း မဟုတ်ဘဲနဲ့ အသားလွတ်ကြီး မိတ်ဆက် ခံနေရသော သူ့အဖြစ်ကို အံ့ဩနေ၏။ သို့သော် ဒီခေတ်ကြီးမှာတော့ ဒါက ထူးဆန်းတဲ့ အရာတစ်ခု မဟုတ်တော့။ ဒီလိုပဲ ဖုန်းတွေဆက်ပြီး နောက်နေပြောင်နေကြတာပဲ ဖြစ်၏။

“ထားပါတော့ ကိုယ့်ကို ခင်ချင်တယ်ဆိုတော့ မင်းက ကိုယ့်ကို သိလို့လား”

ကောင်မလေးက စဉ်းစားသလို တစ်ချက်လုပ်ပြီးမှ ...

“သိပါဘူး”

“အွန် ... မသိဘဲနဲ့”

“အခု သိပြီပဲ”

“ဘယ်မှာ သိလို့လဲ”

"အခုသိပြီလေ .. ဖုန်းထဲမှာ"

ကိုဖြိုး ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ သူက ဘာမှဆက်မပြောခင် ကောင်မလေးက ဆက်ပြီး.....

"ကိုယ့်အသံက ဆွဲဆောင်မှုရှိတယ်နော် ... စကားပြောလို့ ကောင်းမယ့်ပုံ"

ကိုဖြိုး ရုတ်တရက် ရင်ဖိုသွားပြီး မြောက်ကြွမြောက်ကြွ ဖြစ်သွားကာ လီဗာကို ယောင်ပြီး ဖိနင်းမိလိုက်သည်။ ကားအရှိန်က ရုတ်တရက်ကြီး ထမြန်သွား၍ မိုးယံက ...

"ဟော့ကောင် ... သူတောင်းစား၊ ဘာဖြစ်လို့ စွတ်မောင်းနေတာလဲ။ မြို့ထဲမှာ ဆိုက္ကားတွေ၊ စက်ဘီးတွေ ဒီလောက်ရှုပ်နေရတဲ့ကြားထဲ၊ တိုက်မိလို့ ထောင်ကျသွားမယ် ဘာမှတ်လဲ"

ကိုဖြိုးက တိတ်တိတ်နေဆိုတဲ့ ပုံစံမျိုး လက်ညှိုးကို ပါးစပ်ဝမှာ တပ်ပြလိုက်သည်။ မိုးယံ တစ်ယောက် စိတ်ညစ်သွားသည်။ ဒီအရူးကို ဘယ်သူကများ ဖုန်းဆက်နေပါလိမ့်ဟု တွေးနေမိ၏။

စကားအသွားအလာကို ကြည့်ရတာတော့ အခုမှ သိကျွမ်းပုံရသည့်ပုံစံမျိုး။ ဒီခေတ်မှာ ဒါမျိုးကိစ္စတွေ တော်တော်ပေါသည်။ မနေ့ကလည်း သူ့ဆီ message တစ်စောင်ဝင်လာသည်။ ဖတ်ကြည့်တော့ ပေါက်ကရလေးဆယ်တွေ လျှောက်ရေးထား၏။ ဘာ ... တဲ့။

"I am tree, U r Monkey" တဲ့။

ဒီလိုနဲ့ပဲ သူ့ဘဝက မျောက်ဖြစ်သွားခဲ့ရ၏။ မိုးယံ ထိုအဖြစ်အပျက်ကို တွေးရင်း ပြုံးနေမိ၏။ သူ့ဘက်က

ဖုန်းပြန်ဆက်တော့လည်း ဟိုဘက်က ဖုန်းမကိုင်ပေ။

မိုးယံ ကိုဖြိုးကို လှည့်ကြည့်မိသည်။ ကိုဖြိုး ကားမောင်းရင်း ပြုံးစေ့စေ့ကြီး လုပ်နေတာကို တွေ့ရသည်။ ဖုန်းတော့ ပြောပြီးသွားပြီ။

မိုးယံ ကက်ဆက်ကို ပြန်ကျယ်လိုက်သည်။ ဇော်ဝင်းထွဋ်ရဲ့ မျှော်လင့်ခြင်းကမ်းခြေက စိတ်ကူးထဲ ပြန်ရောက်လာ၏။

ခဏနေတော့ မိုးယံက မနေနိုင်၍

"ခုန ကောင်မလေးက ဘယ်သူလဲ"

ကိုဖြိုးက ကြာကူလီပြုံး ပြုံးရင်း ခေါင်းခါပြကာ ...

"ဘယ်ပြောမလဲ ... သတ်ရင် သတ်"

မိုးယံ စုတ်တစ်ချက် သတ်ကာ ပြန်လှည့်သွားပါတော့သည်။

ကျောက်ဆည်မြို့အထွက်က စိမ်းညို့လှပသော တောင်တန်းကြီးများကို မြင်နေရ၏။

*

မန္တလေး ကိုရောက်တော့ နှစ်ယောက်စလုံး ယောင်ချာချာ ဖြစ်နေသည်။ ခရီးသာ ထွက်လာရသည်။ နှစ်ဦးသား ဘာရည်ရွယ်ချက်မှ မရှိ။ အပျော်ခရီးထွက်လာခြင်းလည်း မဟုတ်။ အလုပ်ကိစ္စနဲ့ လာခဲ့ခြင်းလည်း မဟုတ်ပေ။ ဘာကြောင့် ထွက်လာသလဲလို့ မေးရင်လည်း ရည်ရွယ်ချက်က အတိအကျမရှိပေ။ မရှိတဲ့ ရည်ရွယ်ချက်ကို ရှိအောင် လုပ်ပြီး ပြောရရင်တော့ စိတ်ညစ်လို့၊ ပြီးတော့ စိတ်လေနေလို့။ ဒါပဲ ရှိ၏။

စိတ်ညစ်၊ စိတ်လေရတဲ့အကြောင်းကလည်း စာမေးပွဲ

ကျလို့ပဲဖြစ်သည်။ ဆယ်တန်းစာမေးပွဲ တော့ မဟုတ်။ တက္ကသိုလ် စာမေးပွဲ….

ကိုဖြိုးက ဆေးတက္ကသိုလ် Final Part II ကို ကျသည်။ မိုးယံက YTU Final Year ကို ကျသည်။ အဲဒီတော့ အိမ်တွေက ဆူသည်။ သူတို့နှစ်ယောက်လုံးရဲ့ အိမ်တွေက ချမ်းသာကြ၍ သားတွေကို အလိုလိုက်ထားသော်လည်း ဒီလို စာမေးပွဲ ကျရလောက်အောင် ပေါ့ပျက်ပျက်နိုင်တာမျိုးကိုတော့ လက်မခံပေ။ ဒါကြောင့် ဆူသည်။ ဆွေမျိုးတွေက အထင်သေးစကားဆို၏။ သူတို့ ဘဝမှာ ပိုက်ဆံမလို၊ ပညာတတ်ဖြစ်ဖို့သာ ပထမ အဓိက အရေးကြီးကြောင်း ဝိုင်းပြောကြသည်။

မိုးယံနဲ့ ကိုဖြိုးကလည်း သူငယ်တန်းကတည်းက နေလာကြသူတွေဖြစ်၍ နှစ်အိမ်လုံး ကလည်း တစ်အိမ်နဲ့ တစ်အိမ် အလွန်ရင်းနှီးသည်။ ထို့ကြောင့် ဟိုအိမ်သွားလည်ရင်လည်း ဆူခံရသည်။ ဒီအိမ်သွားလည်တော့လည်း အပြောခံရသည်။

ဒီလိုနဲ့ နှစ်ယောက်စလုံး စိတ်ညစ်ပြီး အိမ်တွေ ခွင့်တောင်းကာ ခရီးထွက်လာကြ၏။ အပျော် ခရီးသက်သက်တော့ မဟုတ်။ စိတ်ညစ်လို့၊ ပြီးတော့ စာမေးပွဲကျလို့၊ အိမ်တွေကလည်း နောက်တစ်နှစ်အောင်ဖို့ အရေး ကတိအထပ်ထပ် တောင်းကာ သူတို့ကို လွှတ်လိုက်ကြပါတော့သည်။

အခုတော့ သူတို့ မန္တလေးကို ရောက်ပြီး ဘာလုပ်ရမှန်းမသိ၊ ဘာကိုင်ရမှန်းမသိ ဖြစ်နေစဉ် ကိုဖြိုးက …

“ဘယ်မှာ တည်းမလဲ”

“တည်းချင်တဲ့ နေရမှာတည်းကွာ”

မိုးယံက စိတ်မရှည်သလို ပြောတော့ ....

"ဘုန်းကြီးကျောင်းမှာ တည်းမလား"

မိုးယံက ကိုဖြိုးကို ဘုကြည့်လှမ်းကြည့်၏။ ရွဲ့ပြောတဲ့ စကားမှန်းသိ၍ သူကလည်း ပြန်ရွဲ့လိုက်ကာ ...

"ဘုန်းကြီးကျောင်းထက်စာရင် ဇရပ်က ပိုလွတ်လပ်တာပေါ့ကွ၊ ငါတို့ မန္တလေး တောင်ခြေက ဇရပ်တွေမှာ သွားတည်းရအောင်"

ကိုဖြိုးက အားရပါးရ ရယ်လိုက်သည်။ မိုးယံလည်း အားရပါးရ လိုက်ရယ်လိုက်၏။

ဒီလိုနဲ့ပဲ သူတို့ ခမ်းနားသန့်ပြန့်သော ဟိုတယ်တစ်ခုမှာ တည်းလိုက်ကြ၏။

ဟိုတယ်၏ မွှေးပျံ့သော ရနံ့၊ ခမ်းနားသန့်ပြန့်သော အပြင်အဆင်များကြောင့် ခရီးပန်းလာသော စိတ်များ ခဏမျှ လွင့်စင်သွား၏။

ရေချိုးပြီးသွားတော့ ကိုဖြိုးက ခုတင်ပေါ်လှဲပြီး မျက်လုံးလေးမှေးနေသော မိုးယံကို လှမ်းကြည့်ကာ။

"ဟေ့ကောင် အပျင်းထူမနေနဲ့။ ဘယ်သွားကြမလဲ"

မိုးယံက မျက်လုံး မဖွင့်ဘဲနဲ့ ပါးစပ်ကပင် ပြန်ပြောသည်။

"ဘယ်မှ မသွားချင်ဘူး၊ ပင်ပန်းတယ်"

"ပင်ပန်းရင် သေလိုက်"

"အေး .. အခု အိပ်တော့မလို့။ တိတ်တိတ်နေ"

ကိုဖြိုး ခေါင်းကုတ်ရင်း တစ်ဖက်က ခုတင်မှာ သွားလှဲနေလိုက်သည်။ သူလည်း ပင်ပန်းနေပြီ ဖြစ်သည်။ ရေချိုးပြီးသွားတော့ လန်းသွားသလိုလိုရှိသော်လည်း ခုတင်ပေါ်လှဲလိုက်တော့ အိပ်ချင်လာ၏။ ထို့ကြောင့် မျက်လုံးလေးမှေးပြီး တောင်တွေးမြောက်တွေး လုပ်နေလိုက်သည်။

သူ ဘာလို့ စာမေးပွဲ ကျရတာလဲဆိုတာကစတွေးသည်။ စေ့စေ့ပေါက်ပေါက် တွေးကြည့်မှ အဖြေကို သွားတွေ့၏။

စာမကျက်လို့ ကျတာ။

နောင်နှစ်ဆိုရင်တော့ အပျော်အပါးတွေလျှော့ပြီး စာပြန်ကျက်တော့မည်ဟု တွေးထား၏။ နောက်တော့ နေ့ခင်းက "ဟယ်လို.... ရေ"လို့ ထူးထူးခြားခြား ပြောတတ်သည့် ကောင်မလေး အကြောင်း....

ဘယ်သူတစ်ဦးတစ်ယောက်မှ တယ်လီဖုန်းထူးရင် " ဟယ်လို ... ရေ" ဆိုပြီး "ဟယ်လို" နောက်က "ရေ" ဆိုတဲ့ စကားလုံးကို တွဲပြီး မသုံးတတ်။ ဒီကောင်မလေးကျမှ ဟယ်လိုနဲ့ ရေနဲ့ကို တွဲသုံးသည်။ သူမ အသံလေးနဲ့ ထူးလိုက်တဲ့ စကားလုံးအတွဲအစပ်က လိုက်ဖက်သည်ဟု ကိုဖြိုး တွေး၏။

ဘယ်က ကောင်မလေးလဲ ....။

ပြီးတော့ ဘယ်သူလဲ ....။

တွေးရင်းတွေးရင်းနှင့် သူ အိပ်ချင်လာသည်။

နောက်ဆုံးတော့ ဘယ်အချိန် အိပ်ပျော်သွားမှန်း မသိတော့ပေ။

*